# Ministry of the Word to Like-minded Reformed Churches in ASEAN

## အာဆီယံရှိစိတ်တူကိုယ်တူရီဖော့(မ်)အသင်းတော်များအတွက်နှုတ်ကပတ်တော်၏သာသနာလုပ်ငန်း။

**ဆာလံ-၁၃၃း၁-၃**ပြောသည်မှာ၊"ညီအစ်ကိုတို့သည်သဘောတူလျက်ပေါင်းဖော်ကြသည်အရာမှာအလွန်ကောင်းပေ၏အလွန်တင့်တယ်လျောက်ပတ်ပေ၏။အာရုံ၏ခေါင်းပေါ်မှာလောင်းလျက်၊သူ၏မုတ်ဆိတ်သို့စီး၍လည်စွပ်တိုင်အောင်ကျသောနံ့သာဆီကဲ့သို့ဖြစ်၏။ဟေရမုန်တောင်နှင့်ဇိအုန်တောင်ရိုးပေါ်သို့ကျသောနှင်းကဲ့သို့ဖြစ်၏။ထိုသို့နေကြသောအရပ်၌၊ထာဝရဘုရားသည်အစဉ်အမြဲအသက်ရှင်ခြင်းတည်းဟူသောကောင်းကြီးမင်္ဂလာကိုစီရင်တော်မူ၏။"

ဘုရားသခင်၏အစိုးရတော်မူသောအလိုတော်အားဖြင့်၊ဇွန်လ(၃၀)ရက်မှဇူလိုင်(၇)ရက်အထိ၊ဒေါက်တာဆယ်မြူအယ်လ်ဂန်းနှင့်ကျွန်ုပ်တို့သည်ဘူနေယိုမြို့မှာသာသနာလုပ်ဆောင်ခဲ့ကြသည်။ကျွန်ုပ်တို့သည်တနင်္လာနေ့ညတွင်ဘီအာရ်စီ(**BRC**)အသင်းတော်ဆုတောင်းအစည်းအဝေးတွင်၊ဆာလံ (၁၆)မှ"ခရစ်ယာန်အသက်တာအတွက်(ပီ-၃)ခု"ကိုသင်းအုပ်ဆရာကဝေငှခဲ့သည်။






နောက်တစ်နေ့တွင်ကျွန်ုပ်တို့အားရောက်နှင့်ဇိုးမှမီရိသို့သာသနာလုပ်ဆောင်ရန်အတွက်ကားနှင့်သွားခဲ့သည်။မီရိရီဖော့(မ်)နှစ်ခြင်းအသင်းတော်သည်လူပေါင်းလေးသိန်း(**၄၀၀၀၀၀**)ခန့်ရှိသော(ခူရှင်းမြို့ပြီးရင်)ဆာရာဝပ်ခ်ရဲ့ဒုတိယအကြီးဆုံးမြို့တွင်ဖြစ်ပြီး၊(၄၇)ရာခိုင်နှုန်းမှာတရုတ်လူမျိုးဖြစ်ပြီး၊ကျန်

သောသူများသည်လူမျိုးစုများနှင့်ဘန်မီပြုထရပ်စ်(***Bumiputras***)လူမျိုးများဖြစ်သည်။ဘုရားသခင်သည်သူ၏နှုတ်ကပတ်တော်၏သွန်သင်ချက်ကိုရီဖော့(မ်)ယုံကြည်ခြင်းအတွက်ရပ်တည် ပြီး၊ပြန့်ပွါးပေးခဲ့သည့်သူ၏သစ္စာရှိသောအကြွင်းအကျန်များရှိ သည်။အမ်အာရ်ဘီစီ(**MRBC**)ကိုလွန်ခဲ့သောအနှစ် (၂၀) ကျော်ကတည်ထောင်ခဲ့ပြီး၊အခြားအသင်းတော်များရှိသော်လည်းမိရိ(***Miri***)တွင်တစ်ခုတည်းသောရီဖော့(မ်)အသင်းတော်ဖြစ်သည်။ဤနေရာတွင်ခရစ်ယာန်ဖြစ်ခြင်းကိုခရီစမက်တစ်(***Charismatic***)အဖွဲ့အစည်းများကလွှမ်းမိုးထားပြီး၊ဘုရားသခင်သည်ဤနေရာအမ်အာရ်ဘီစီတွင်သူ၏သစ္စာရှိသောသက်သေရှိသည်။သင်းအုပ်ဆရာသည်သူ၏အသင်းဝင်များနှင့်သူငယ်ချင်းများအတွက်သင်တန်း(၃) ခုစီစဥ်ပေးခဲ့သည့်သိက္ခာတော်ရအန်ဒရူးလီယူဖြစ်သည်။

သင်းအုပ်ဆရာသည်ကျမ်းစာရှုထောင့်မှစိတ်ဓါတ်ကျခြင်းကိုစီမံခန့်ခွဲခြင်းအပေါ် အာရုံစိုက်ကာ၊သင်ယူလေ့လာမှုနှင့်မိတ်သဟာရဖွဲ့ခြင်း၏အသီးသီးသောအချိန်ဖြစ်သည့်"စိတ်ကျန်းမာဆိုင်ရာပြဿနာများ၏ခရစ်ယာန်အမြင်"ကိုဟောခဲ့သည်။ဤနေရာတွင်ဒေသခံမျိုးနွယ်စုဖြစ်သည့်အိုင်ဘင်း၊ဘေရန်းနှင့်ဘိဒေးယုတို့မှဒေသခံအချို့အပါအဝင်၊ပါဝင်သူ(၃၀)ကျော်ကမေးမြန်းထားသောမေးခွန်းကောင်းများရှိသည်။သင်းအုပ်ဆရာသည်လက်တွေ့အသုံးချမှုများဖြင့်"ယဥ်ကျေးဗျူဌာစွာမည်သို့အသက်ကြီးလာပုံ"ဆိုင်ရာအခြားသင်တန်းကိုပို့ချခဲ့ပြီး၊အော်ကိုဂျင်နေရီးယန်းအသင်းတော်မှအသင်းသားညီအစ်ကိုဝီလီယံကသူ၏သက်သေခံချက်ကိုမျှဝေခဲ့သည်။ဒေါက်တာဆယ်မြူအယ်လ်ဂန်းသည်မေးခွန်းကောင်းများမေးမြန်း၊ရှင်းလင်းပြီး၊ပထမဆုံးအကြိမ်ကြားသိရသောကြောင့်လိုအပ်သောကျမ်းစာဆိုင်ရာသိပ္ပံနှင့်နှောဖလှယ်ပွဲတစ်ခုပြုလုပ်ခဲ့သည်။






ညီအစ်ကိုများသည်နူတ်ကပတ်တော်အတွက်နွေးထွေးမှု၊စိတ်အားထက်တန်ပြီး၊အရှေ့တိုင်းဧည့်ဝတ်ပြုမှုဖြင့်ကျွန်ုပ်တို့ကိုကြိုဆိုကြသည်။ကျွန်ုပ်တို့ယူဆောင်၊လက်ခံခဲ့သည့်ဖန်ဆင်းခြင်းသိပ္ပံမဂ္ဂဇင်း၊လက်ကမ်းစာစောင်များနှင့်ကျွန်ုပ်တို့၏အသင်းတော်အပတ်စဉ်ဆောင်းပါးများကိုလူအမြောက်အများကဝယ်ယူခဲ့ကြသည်။သူတို့၏သွန်သင်မှုနှင့်နှိမ့်ချသောစိတ်ဓါတ်အားဖြင့်ကျွန်ုပ်တို့သည်ခွန်အားများရပါသည်






ထို့နောက်၊ကျွန်ုပ်တို့သည်အာဆီယံနိုင်ငံရှိအခြားသောသင်တန်းများနှင့်အစီအစဉ်များအတွက်ဘီအာစီသို့ပြန်သွားခဲ့ကြသည်။ဘီအာစီကိုကွယ်လွန်သူဒေါက်တာတွန်ရှင်းဝပ်နှင့်အတူအသင်းတော်လူကြီးတယ်ရီ၊ဂျေဂျော်ဝိုင်၊ညီအစ်ကိုဂျွန်နီ၊ဘေခူး၊အခြားသောသူများနှင့်ခွန်းအားပေးတိုက်တွန်းခြင်းနှင့်လမ်းညွှန်မှုအားဖြင့်သင်းအုပ်ဆရာပီတာဝိုင်မှ(၁၉၉၉)ခုနှစ်တွင်အစပြုခဲ့သည်။လူ(၃၀)ခန့်ရှိပြီး၊သူတို့သည်ခက်ခဲသောအခြေအနေများကြုံတွေ့သော်လည်း၊သခင်ဘုရားအတွက်သစ္စာရှိသောဓမ္မအမှုတော်ဆောင်ခြင်း၌သူတို့၏ဧဝံဂေလိတရားသက်သေတွင်ခိုင်မြဲစွာဆက်လက်လုပ်ဆောင်ပါသည်။ဒေါက်တာဆယ်မြူအယ်လ်ဂန်းမှကျမ်းစာဆိုင်ရာဖန်ဆင်းခြင်းသိပ္ပံသင်တန်းနှင့်သင်းအုပ်ဆရာမှ"နောင်တရခြင်းနှင့်ဘုရားသခင်၏အလိုတော်ကိုရှာဖွေခြင်း"နှင့်"စိတ်ကျန်းမာရေးပြဿနာများဆိုင်ရာခရစ်ယာန်အမြင်"ဆွေးနွေးဖလှယ်ပွဲ(၃)ခုရှိခဲ့ပါသည်။သင်တန်းများတွင်လူ(၃၀)ကျော်တက်ရောက်ခဲ့သည်။သင်းအုပ်ဆရာပီတာ၊ဖိုးနှင့်ရှောက်တို့နှင့်အတူဒေသခံတောတွင်းဒေသသို့၊လှံကိုင်စစ်ပွဲအတောအတွင်း(၁၉၈၂)ခုနှစ်တွင်သင်းအုပ်ဆရာ၏ဆပ်ဖ်အရာရှိကေဒေးသင်တန်းကျောင်း၏နှစ်သက်ဖွယ်အမှတ်တရများကိုပြန်လည်ရရှိစေပါသည်။

  

အဆိုပါ၊အနှစ်ချုပ်သည်လူ(၅၀)ခန့်တက်ရောက်သည့်(၂၆)ကြိမ်မြောက်ဘုရားကျောင်းဝတ်ပြုရေးအခမ်းအနားဖြစ်သည်။အစီအစဉ်ကိုအသင်းတော်လူကြီးနှင့်တယ်ရီနှင့်အတူဂျေဂျော်မှတရုတ်ဘာသာသို့ဘာသာပြန်ပြီး၊ဦးဆောင်ခဲ့သည်။သင်းအုပ်ဆရာပီတာသည်တရုတ်ဘာသာစကားဖြင့်ဘာသာပြန်ဆိုထားပြီး၊"သန့်ရှင်းခြင်းသို့ခေါ်ဆောင်ခြင်း"ကိုဟေဗြဲ-၁၃ မှသင်းအုပ်ဆရာဂျက်ဆင်ပို့ချပြီးနောက်၊နေ့လည်စာမိတ်သဟာရဖွဲ့ကြသည်။ညနေဝတ်ပြုခြင်းအစီအစဉ်ကိုအသင်းတော်လူကြီးဂျေဂျော်ဝိုင်မှဦးဆောင်ပြီး၊သင်းအုပ်ဆရာဂျက်ဆင်သည်"ခရစ်ယာန်များအတွက်အခြေခံကျသောမရှိမဖြစ်လိုအပ်ချက်များ"အပေါ်ယုဒသြဝါဒစာမှတရားဟောခဲ့ပြီး၊အသင်းတော်၏အသင်းသူ/သားများအားဖြင့်နူတ်ဆက်ညစာစားပွဲကိုတည်းခင်းဧည့်ခံခဲ့ကြသည်။အခြားသူများကြားတွင်လာရောက်ပါဝင်ခဲ့သည့်ဆာရာဝပ်ခ်မှတရားဟောဆရာဟာရစ်ဆန်၊အီးဘီစီအသင်းတော်မှညီအစ်ကိုဂျွန်နီ၊တန်ကတ်ခ်၊ဘီပီစီအသင်းတော်မှညီအစ်ကိုလင်းချမ်းယူ တို့နှင့်တွေ့ဆုံသောကြောင့်ဝမ်းမြောက်မိပါသည်။

 

စိတ်တူကိုယ်တူညီအစ်ကိုများနှင့်အခြားနိုင်ငံရှိအသင်းတော်များနှင့်မျှဝေခြင်းနှင့်မိတ်သဟာရဖွဲ့ခြင်းသည်ဝမ်းမြောက်ဝမ်းသာစရာနှင့်အခွင့်ထူးဖြစ်သည်။ခရီးစဉ်အစတွင်ဒေါက်တာဆယ်မြူအယ်လ်ဂန်း

နှင့်သင်းအုပ်ဆရာဂျက်ဆင်နှစ်ဦးလုံးသည်တုပ်ကွေးရောဂါမှဘေးကင်းခြင်းနှင့်ကျန်းမာခြင်းအတွက်ဘုရားသခင်ကိုကျေးဇူးတင်ပါတယ်။ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏အသင်းတော်များတွင်နေ့စဉ်ဘုရားသခင်၏အကူအညီလိုအပ်ပြီး၊ဤနောက်ဆုံး၊အန္တရာယ်ရှိသောနေ့ရက်များတွင်ခရစ်တော်အတွက်သက်သေခံခြင်းဖြင့်"သူမရှိဘဲ၊ငါတို့ဘာမှမလုပ်နိုင်ပါ"ဆိုသည့်အရာနှင့်ဤအသင်းတော်နှစ်ပါးတွင်ကျွန်ုပ်တို့၏ညီအစ်ကိုများကိုဆုတောင်းပဌနာပြုရန်သတိရကြပါစို့။ (**ယောဟန် ၁၅း၁-၆**)

**Rev. Dr. Jack Sin**

**Sovereign Hope BPC (Singapore)**

**ဘာသာပြန်သူ = Myitta**